# ဒုတိယအကြိမ်မြောက် ထမနဲထိုးပွဲတော်ပွဲ ကျင်းပပြုလုပ်ခြင်း [1]

Posted on 15 February 2018

မြန်မာနိုင်ငံ၏ (၁၁) လမြောက် ပွဲတော်ဖြစ်သည့်  တပို့တွဲလတွင် ထမနဲပွဲ ဆင်နွှဲ ရန်နှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး အထောက် အကူပြုရန် ရည်ရွယ်၍ ရိုးရာ ထမနဲပွဲ ယှဉ်ပြိုင်မှု အခမ်းအနားကို  ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နေလယ်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ ဝန်ထမ်းများက အသင်း(၆)သင်း စုဖွဲ့ ယှဉ်ပြိုင်ခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက် အားပေးခဲ့ကြပါသည်။  ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်း ရေးမှူး၊ဒုတိယညွှန်ကြားရေးမှူးချုပ်များမှ ဆုရရှိသည့် အသင်းများ

အား ဆုများပေးအပ် ခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative